# တရုတ်ပြည်သူ့သမ္မတနိုင်ငံတော်အစိုးရ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရတို့ အကြား မူးယစ်ဆေးဝါး၊ စိတ်ကိုပြောင်းလဲစေသော ဆေးဝါးနှင့် မူးယစ်ဆေးဝါးထုတ်လုပ်ရာ၌ အသုံးပြုသောအစပြုဓါတုပစ္စည်းများ ပူးပေါင်းထိန်းချုပ်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ

တရုတ်ပြည်သူ့သမ္မတနိုင်ငံတော်အစိုးရ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ (ဤမှနောက်တွင် စာချုပ်ဝင်နိုင်ငံများဟု ခေါ်ဝေါ်သုံးစွဲမည်)တို့သည်–

မူးယစ်ဆေးဝါးများ တရားမဝင် သယ်ဆောင်ရောင်းဝယ်ခြင်းကို နှစ်နိုင်ငံအကြား မူးယစ်ဆေးဝါး ထိန်းချုပ်ခြင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်သည့် နည်းလမ်းများဖြင့် ထိရောက် အောင်မြင်နိုင်သည်ဟု အသိအမှတ်ပြုလျှက်၊

နှစ်ဘက်အစိုးရများက စာချုပ်ဝင်နိုင်ငံများအဖြစ်ပါဝင်သော မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းများမှ ချမှတ်ထားသော အခြေခံမူများကို နားလည်သိရှိပြီး၊

နှစ်နိုင်ငံအကြား တည်ရှိဆဲ ချစ်ကြည်ရင်းနှီးမှုများကို ပိုမိုခိုင်မာစေရန် ဆန္ဒပြုလျက်၊ အောက်ပါအတိုင်း သဘောတူကြသည်–

## အပိုဒ် – ၁

စာချုပ်ဝင်နိုင်ငံများသည် မိမိတို့သက်ဆိုင်ရာ ဥပဒေနှင့်နည်းဥပဒေများအရ အောက်ပါကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ကြမည်–

၁။ တရားမဝင် မူးယစ်ဆေးဝါးများနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများကိုလည်းကောင်း၊ အစပြု ဓါတုပစ္စည်းများနှင့်မပါမဖြစ်သည့် ဓါတုပစ္စည်းများကို တရားမဝင်လမ်းကြောင်းသို့ပြောင်းလဲ၍ အသုံးပြုခြင်းကိုလည်းကောင်း တိုက်ဖျက်ရာတွင် ကာကွယ်တားဆီးရေးနှင့်ဖော်ထုတ်အရေးယူရေးလုပ်ငန်းများ၊

၂။ မူးယစ်ဆေးဝါးပင်များထိန်းချုပ်ရေးနှင့် အစားထိုးဖွံ့ဖြိုးမှုဆိုင်ရာအစီအမံများ၊

၃။ မူးယစ်ဆေးဝါးများနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများကိုလည်းကောင်း၊အစပြု ဓါတုပစ္စည်းများနှင့်မပါမဖြစ်သည့် ဓါတုပစ္စည်းများကိုလည်းကောင်း ထိန်းချုပ်ရေးဆိုင်ရာအစီအမံများ၊

၄။ ဆေးဝါးကုသရေးနှင့် ပြန်လည်ထူထောင်ရေးအပါအဝင် သုံးစွဲမှုလျှော့ချရေး အစီအမံများ၊

၅။ အပြန်အလှန်သတင်းဖလှယ်ခြင်း၊ မူးယစ်ဆေးဝါးကို စုံစမ်းထောက်လှမ်းခြင်း၊ မူးယစ်ဆေးဝါး၊ မူးယစ်ဆေးဝါးနှင့်ဆက်နွယ်သည့် အကျိုးအမြတ်များကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းတို့တွင် အကူအညီပေးခြင်း၊ မူးယစ်ဆေးဝါးဆိုင်ရာ အဓိက ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးခြင်းနှင့်မူရင်းနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးခြင်း၊ နယ်စပ်ဒေသ မူးယစ်ဆေးဝါး ထိန်းချုပ်ရာတွင် ဆက်သွယ်ဆောင်ရွက်သည့် စနစ်

ထားရှိရေး၊ ဝန်ထမ်းများအားလေ့ကျင့်သင်ကြားပေးရေး အစရှိသည်တို့တွင် အကူအညီ ပေးခြင်းတို့ အပါအဝင် မူးယစ်ဆေးဝါးထိန်းချုပ်ရေးနှင့် မူးယစ်ဆေးဝါး ဥပဒေ အာဏာသက်ရောက်စေရေးအတွက် ပူးတွဲ၍ နည်းပညာနှင့်ကျွမ်းကျင်မှု အကူအညီပေးရေးလုပ်ငန်းများ၊

၆။ မူးယစ်ဆေးဝါးများ၊ စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ အစပြုဓါတုပစ္စည်းများနှင့်မပါမဖြစ်သည့် ဓါတုပစ္စည်းများထိန်းချုပ်ရေးဆိုင်ရာ တည်ဆဲဥပဒေများ၊စည်းမျဉ်းဥပဒေများနှင့်စပ်လျဉ်း၍ သတင်းအချက်အလက်များ အပြန်အလှန်ဖလှယ်ခြင်း။

## အပိုဒ်-၂

ဤ နားလည်မှုစာချွန်လွှာပါကိစ္စရပ်များကို အကောင်အထည်ဖော်မည့်အဖွဲ့အဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံတော်အစိုးရက အမျိုးသားမူးယစ်ဆေးဝါး ထိန်းချုပ်ရေးကော်မရှင်ရုံး(NNCC) ကို လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ရုံး(CCDAC)ကိုလည်းကောင်း အသီးသီးသတ်မှတ်တာဝန်ပေးရမည်။

အကောင်အထည်ဖော်မည့်အဖွဲ့များသည် မူးယစ်ဆေးဝါးဆိုင်ရာကိစ္စရပ်များအား နှစ်နိုင်ငံတွင် အလှည့်ကျစီနှစ်စဉ် တွေ့ဆုံဆွေးနွေးရမည်။ အရေးပေါ်ကိစ္စရပ်များပေါ်ပေါက်ပါက နှစ်နိုင်ငံဆွေးနွေး သဘောတူသည့်အချိန်နှင့်နေရာတွင် အထူးအစည်းအဝေးများကို ခေါ်ယူနိုင်သည်။

## အပိုဒ်-၃

ဤနားလည်မှုစာချွန်လွှာအရ ကိုယ်စားလှယ်အဖွဲ့၏ ခရီးစရိတ်များကို သက်ဆိုင်ရာအစိုးရက ကျခံရမည်။

အိမ်ရှင်နိုင်ငံတွင် အလုပ်လုပ်ရန် ရောက်ရှိနေစဉ်အတွင်း ကိုယ်စားလှယ်အဖွဲ့၏ ကုန်ကျစရိတ်ကို အိမ်ရှင်နိုင်ငံ၏လက်ခံသည့်အာဏာပိုင်က ကျခံရမည်။

ချွင်းချက်အနေဖြင့် စာချုပ်ဝင်နိုင်ငံအချင်းချင်း ကြိုတင်သဘောတူညီချက်ရှိပြီးဖြစ်လျှင်ယင်းသဘောတူညီချက်အတိုင်း ဆောင်ရွက်နိုင်သည်။

## အပိုဒ်-၄

အကောင်အထည်ဖေါ်ရေးအဖွဲ့များ၏ သဘောတူညီချက်ဖြင့် အကောင်အထည်ဖေါ်ဆောင်ရွက်ရာတွင် စာချုပ်ဝင်နိုင်ငံနှစ်နိုင်ငံ၏ပြည်နယ်အဆင့် ပူးပေါင်းဆောင်ရွက်မှု ပါဝင်လာစေရန် ဤနားလည်မှုစာချွန်လွှာကို တိုးချဲ့ဆောင်ရွက်နိုင်သည်။

**အပိုဒ်–၅**

ဤနားလည်မှုစာချွန်လွှာကို စာချုပ်ဝင်နိုင်ငံများ၏ သဘောတူညီချက်ဖြင့် သံတမန်နည်းလမ်းများမှ တစ်ဆင့်ဆက်သွယ်၍ ပြင်ဆင်နိုင်သည်။

**အပိုဒ်–၆**

ဤနားလည်မှုစာချွန်လွှာမှ ပေါ်ပေါက်လာသော သဘောကွဲလွဲမှု သို့မဟုတ် အငြင်းပွားမှုကို စာချုပ်ဝင်နိုင်ငံများအကြား ဆွေးနွေးခြင်းဖြင့် ချစ်ကြည်ရင်းနှီးစွာညှိနှိုင်း ဖြေရှင်းကြရမည်။

**အပိုဒ်–၇**

ဤ နားလည်မှုစာချွန်လွှာသည် လက်မှတ်ရေးထိုးသည့်နေ့မှ စတင်အတည်ဖြစ်ပြီး နားလည်မှုစာချွန်လွှာကို ရပ်စဲရန် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံက စာဖြင့် အကြောင်း မကြားမီအထိ အတည်ဖြစ်စေရမည်။ နားလည်မှု စာချွန်လွှာရပ်စဲခြင်းသည် အကြောင်းကြားစာ ရရှိပြီးနောက် သုံးလအကြာတွင် အကျိုးသက်ရောက်စေရမည်။

၂၀၀၁ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့၌ ရန်ကုန်မြို့တွင် တရုတ်၊ မြန်မာ၊ အင်္ဂလိပ် ဘာသာတို့ဖြင့် အသီးသီး အညီအမျှ တရားဝင်အတည်ဖြစ်သော နားလည်မှုစာချွန်လွှာ မူရင်းနှစ်စောင်စီ ပြုလုပ်ချုပ်ဆိုကြသည်။

| | |
|---|---|
| မစ္စတာ ဂျီယာချွန်ဝမ် | ဗိုလ်မှူးကြီးတင်လှိုင် |
| ဝန်ကြီး | ဝန်ကြီး |
| ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန | ပြည်ထဲရေးဝန်ကြီးဌာန |
| တရုတ်ပြည်သူ့သမ္မတနိုင်ငံတော် | ပြည်ထောင်စုမြန်မာနိုင်ငံတော် |
| တရုတ်ပြည်သူ့သမ္မတနိုင်ငံတော်အစိုးရကိုယ်စား | ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရကိုယ်စား |